# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

February 2, 2022 | Volume 51, Number 2


၂.၂.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၉၉ US$ |
| မြန်မာ့ရွှေဈေး | = ၁၈၈၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၉၉၅ ကျပ် |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၀၇.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၁၈.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၀၆.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၆၇.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၉.၅၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၇၂၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၇.၈၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၄.၈၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၃.၅၆၂ ကျပ် |

Source: CBM Rate, etrademyanmar.com

## ရောမတ်ပဲဈေး အနည်းငယ်ပြန်ကျ

ရောဝတီတိုင်းဒေသကြီးအတွင်း မတ်ပဲအသစ်များဈေးကွက်သို့ လှိုင်လှိုင်ဝင်ရောက်လာချိန်တွင် အဖွင့်ဈေးကောင်းခဲ့သောမတ်ပဲဈေးနှုန်းမှာ ယခုရက်ပိုင်းအတွင်း အနည်းငယ်ဈေးပြန်ကျလျှက်ရှိသည်။ ယခင်သုံးသပ်ခဲ့သည့်အတိုင်း မြန်မာငွေကြေးဈေးနှုန်းအတက်အကျပေါ်မူတည်၍ မတ်ပဲသစ်အဖွင့်ဈေးကောင်းခဲ့သည်ဟုဆိုနိုင်ပြီး မတ်ပဲသစ်လှိုင်လှိုင်ပေါ်ချိန်တွင်ဖြစ်လေ့ရှိသည့် အခြေအနေအတိုင်း ယခုရက်ပိုင်းအတွင်း မတ်ပဲဈေးအနည်းငယ်ပြန်အေးနေခြင်းဖြစ်သည်။

ယခင်သီတင်းပတ်ကာလအတွင်းဖြစ်ပေါ်ခဲ့သော မတ်ပဲဈေးနှုန်းများမှာ ဇန်နဝါရီလ ၂၄ ရက်နေ့တွင် မတ်ပဲတစ်တင်းလျှင်ကျပ် ၄၅၄၀၀၊ ၂၅ ရက်နေ့တွင် ကျပ် ၄၅၀၀၀၊ ၂၆ ရက်နေ့တွင် ကျပ် ၄၃၃၀၀၊ ၂၇ ရက်နေ့တွင် ကျပ် ၄၂၅၀၀၊ ၂၈ ရက်နေ့တွင် ကျပ် ၄၂၂၀၀၊ ၂၉ ရက်နေ့တွင် ကျပ် ၄၂၉၀၀၊ ၃၀ ရက်နေ့နှင့် ၃၁ ရက်နေ့တွင် ကျပ် ၄၂၀၀၀ အသီးသီးဖြစ်ပါသည်။

ယခင်သီတင်းပတ်အတွင်း အိန္ဒိယနိုင်ငံ၊ မွန်ဘိုင်းဈေးကွက်တွင် မတ်ပဲဈေးနှုန်းတစ်ကွမ်တယ်လျှင် ၁၀၀ ရူပီးခန့်ဈေးကျဆင်းခဲ့ပြီး ပဲခွဲစက်များ၏ဝယ်လိုအားလည်းကျဆင်းနေခဲ့သည်။ ယခင် ၃ နှစ်တာကာလအတွင်း အိန္ဒိယနိုင်ငံသို့မြန်မာနိုင်ငံမှ ပဲတင်ပို့မှုနှင့်ယခုနှစ်မြန်မာမတ်ပဲအထွက်နှုန်းခန့်မှန်းချက်ကို ရောကုန်သွယ်မှုဗဟိုဌာန၏ Facebook စာမျက်နှာတွင်ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

ယခုနှစ်မြန်မာမတ်ပဲအထွက်နှုန်းတိုးမည်ဟု အိန္ဒိယနိုင်ငံဘက်ကခန့်မှန်းထားပြီး မတ်ပဲတင်သွင်းခွင့်ကာလကိုတိုးမြှင့်သတ်မှတ်ထားခြင်း၊ အိန္ဒိယသို့ မြန်မာမတ်ပဲအဝင်ပုံမှန်ရှိနေခြင်း၊ အခြားဒေသများမှ ပြည်တွင်းမတ်ပဲများဈေးကွက်အတွင်း ဝင်ရောက်လာခြင်းတို့ကြောင့်လည်း မတ်ပဲဈေးကျဆင်းရခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံတွင် မိုးစိုက်ပဲရေိယာများ ရာသီဥတုဖောက်ပြန်မှုကြောင့်ပျက်စီးခဲ့ရပြီး အထွက်နှုန်းနှင့်အရည်အသွေးကျဆင်းကာ ဆောင်းသီးနှံစိုက်ပျိုးဧရိယာ ကျဆင်းခဲ့သော်လည်း လာမည့်ဆောင်းသီးနှံအခြေအနေမှာမူ အထွက်နှုန်းကောင်းနိုင်ကြောင်း ၎င်းနိုင်ငံအစိုးရက ခန့်မှန်းထားသည်။

အိန္ဒိယနိုင်ငံ၏ပြည်တွင်းဈေးနှုန်းကျဆင်းနေခြင်း၊ မြန်မာမတ်ပဲ လှိုင်လှိုင်ပေါ်ချိန်ဖြစ်နေခြင်း၊ မြန်မာမတ်ပဲအထွက်နှုန်းကောင်းနိုင်မည့်အလားအလာများကို အိမ်နီးချင်းနိုင်ငံဘက်မှ ကြိုတင်ခန့်မှန်းထားနိုင်ပြီး ပြည်တွင်းပဲဈေးနှုန်းထိန်းညှိသည့် မူဝါဒများအရ မတ်ပဲဈေးနှုန်းထိုးတက်လာနိုင်ခြင်းမရှိသေးပဲ မြန်မာငွေကြေးဈေးနှုန်းအတက်အကျ အခြေအနေအရသာ ဈေးနှုန်းပြောင်းလဲမှုဖြစ်ပေါ်နိုင်ကြောင်း သုံးသပ်ရပါသည်။

**Source: ရောကုန်သွယ်မှုဗဟိုဌာန**


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ရှမ်းပြည်နယ်(တောင်ပိုင်း) ကော်ဖီစိုက်ပျိုးမှုနှင့်ဈေးနှုန်းအခြေအနေ

ရှမ်းပြည်နယ်(တောင်ပိုင်း) Arabica ကော်ဖီများကို မြို့နယ်အများအပြားတွင် စိုက်ပျိုးလျက်ရှိရာ တောင်ကြီးခရိုင်၊ ရွာငံမြို့နယ်၌ ဧက (၂၀၀၀)ကျော်စိုက်ပျိုးထားရှိသည်၊ ခူးဆွတ်မှုအနေဖြင့် နိုဝင်ဘာလဆန်းမှ စတင်ခူးဆွတ်ပြီး ဖေဖော်ဝါရီလ၊ မတ်လဝန်းကျင်အထိခူးဆွတ်၍ သီးလုံးစိုများကို ဈေးကွက်သို့ ရောင်းချလျက်ရှိသည်၊ ဈေးနှုန်းအနေဖြင့် တောင်သူများထံမှ သီးလုံးအစို(ချယ်ရီသီး) အထူးတန်းကော်ဖီမှာ တစ်ပိဿာလျှင် (၂၂၀၀ မှ ၂၄၀၀) ကျပ်ခန့်ရှိသည်၊ အညံ့စားအောက်စမှာ တစ်ပိဿာ (၁၅၀၀)ကျပ်ရှိသည်၊ ယခုနှစ်တွင် ယခင်နှစ်ဈေးနှုန်းထက် (၂)ဆခန့်ဖြင့် တောင်သူများထံမှ လုပ်ငန်းရှင်များဝယ်ယူ၍ အခြောက်လှန်းကြိတ်ခွဲပြီး Green Bean (ခွဲဆံ) များကို တစ်တန်လျှင် သိန်း(၈၀ မှ ၉၀) ခန့်ဖြင့် ပြည်တွင်းဈေးကွက်များသို့ ဖြန့်ဖြူးခြင်း၊ ပြည်ပနိုင်ငံများသို့တင်ပို့ခြင်းနှင့် ဟိုပုံးမြို့နယ် Indigo Mountain တောင်သူအစုအဖွဲ့ ကုမ္ပဏီမှ နယ်သာလန်နိုင်ငံသို့ ယခုလအတွင်း တန်ချိန် (၃၆) တန် တင်ပို့ခဲ့ကြောင်းသိရသည်။

**Source: ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာန**

## မြန်မာ့ပြောင်း တရုတ်နိုင်ငံသို့တင်ပို့ရေး အပင်နှင့်တိရစ္ဆာန် ကျန်းမာရေးနှင့်ပိုးမွှားကင်းစင်ရေး (SPS) စာချုပ်နှစ်ဖက် လက်မှတ်ရေးထိုး


KBZ TRADE Center

လယ်ယာကဏ္ဍ ထွက်ကုန်များဖြစ်သည့် သီးနှံ၊ တိရစ္ဆာန်အရှင်၊ အသား၊ ငါးတို့၏ကျန်းမာရေးနှင့် ပိုးမွှားကင်းစင်ကြောင်း အသိအမှတ်ပြုလက်မှတ်များသည် နိုင်ငံတကာကုန်သွယ်မှုတွင် လိုအပ်သည့် ထောက်ခံချက်လက်မှတ်များဖြစ်သည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ လယ်ယာသားငါးကဏ္ဍ ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေး၊ ပို့ကုန်ဝင်ငွေတိုးမြှင့်စေရေးနှင့်ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးတို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေထွက်ပစ္စည်းများ ပြည်ပတင်ပို့ရာတွင် လိုအပ်သည့် အပင်နှင့်တိရစ္ဆာန်ကျန်းမာရေးနှင့် ပိုးမွှားကင်းစင်သန့်ရှင်းရေး (Sanitary and Phytosanitary-SPS) ဆိုင်ရာကိစ္စရပ်များကိုစိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန်ပစ္စည်းများ ကုန်သွယ်မှုတွင် အဓိကအိမ်နီးချင်း ဈေးကွက်ကြီးတစ်ခုဖြစ်သော တရုတ်နိုင်ငံနှင့် အပင်နှင့်တိရစ္ဆာန် ကျန်းမာရေးနှင့်ပိုးမွှားကင်းစင်ရေးသဘောတူညီချက်များ လက်မှတ်ရေးထိုးရေးကို ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလအတွင်း တရုတ်နိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ မြန်မာနိုင်ငံသို့ လာရောက်သည့် ချစ်ကြည်ရေးခရီးစဉ်အတွင်း မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ဆန်/ဆန်ကွဲ၊ ပိုးအိမ်ခြောက်၊ ကျွဲ၊ နွားအရှင်တင်ပို့ ရေး အပင်နှင့်တိရစ္ဆာန် ကျန်းမာရေးနှင့်ပိုးမွှားကင်းစင်ရေး (SPS)သဘောတူစာချုပ်များကိုလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် GACC တို့အကြား ၌ လက်မှတ်ရေးထိုးခဲ့ကြောင်းသိရှိရသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသောပြောင်းကို တိရစ္ဆာန်အစာအနေဖြင့် ပြောင်းဖူးစေ့ တရုတ်နိုင်ငံသို့တင်ပို့ရန် သဘောတူညီချက် ရရှိပြီးဖြစ်သည်။ ပြောင်းချဉ်ဖတ်ကို စမ်းသပ်တင်ပို့ရန်အတွက် နှစ်ဘက်သဘောတူညီထားပြီးဖြစ်သည်။ ယင်းအတွက် အပင်ကျန်းမာရေးဆိုင်ရာလိုအပ်ချက် သဘောတူစာချုပ်ကို ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက်နေ့က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန် အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (General Administration of Customs of the People's Republic of China- GACC)၊ ဝန်ကြီးတို့က လက်မှတ်ရေးထိုးခဲ့ကြောင်းသိရှိရသည်။

အဆိုပါ သဘောတူစာချုပ်အရ မြန်မာနိုင်ငံမှ ပြောင်းနှင့်တိရစ္ဆာန်အစာ ပြောင်းချဉ်ဖတ်များကို တရုတ်နိုင်ငံသို့ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တင်ပို့နိုင်ခြင်း၊ မြန်မာ-တရုတ်နှစ်နိုင်ငံကြား လယ်ယာထွက်ကုန် တရားဝင်ကုန်သွယ်မှုတိုးမြှင့်လာနိုင်ခြင်းနှင့် ပြောင်းစိုက်တောင်သူများ၏ အကျိုးစီးပွားပိုမိုတိုးတက် ကောင်းမွန်လာနိုင်စေခြင်း စသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်းသိရသည်။

လက်ရှိအားဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံ၊ GACC တို့ကြား တိရစ္ဆာန်အရှင်များ တင်ပို့မှုအတွက် တိရစ္ဆာန်စောင့်ကြည့်စစ်ဆေးရေးစခန်း (Aminal Quarantine Station) တည်ထောင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာ နယ်စပ်ဂိတ်များအနီးတွင် ဆောင်ရွက်လျက်ရှိရာ လက်ရှိအားဖြင့် ကွတ်ခိုင်မြို့နယ်တွင် တိရစ္ဆာန်စောင့်ကြည့် စစ်ဆေးရေးစခန်းတစ်ခု တည်ထောင်ထားပြီးဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံမှထွက်ရှိသော ပဲပုပ်၊ ပီလောပီနံ၊ ကန်စွန်းဥ တင်ပို့ရေးတို့အတွက် နှစ်ဖက်သဘောတူစာချုပ်များ မကြာမီလက်မှတ်ရေးထိုးနိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး အလားအလာရှိသော ပို့ကုန်အမယ်သစ်များဖြစ်သည့် နာနတ်သီး၊ ထောပတ်သီး၊ ကျွဲကောသီး၊ သံပုရာသီး၊ ကွမ်းသီးအစိမ်းတို့ကို အပင်နှင့်တိရစ္ဆာန် ကျန်းမာရေးနှင့် ပိုးမွှားကင်းစင်ရေးလက်မှတ်များရေးထိုးနိုင်ရေးအတွက် လိုအပ်သည့် ပိုးမွှားရောဂါဆန်းစစ်မှုဆိုင်ရာ အချက်အလက်များကို နှစ်ဘက်ညှိနှိုင်းဖလှယ်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

၂၀၂၀-၂၀၂၁ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်းနှင့် ရေထွက်ပစ္စည်းများတင်ပို့မှုအနေဖြင့် အမေရိကန်ဒေါ်လာသန်း (၅၄၂၇.၉၅၈) ဖိုး တင်ပို့နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**SOURCE: AGRI DIGIT NEWS**

**KBZ TRADE Center**

## ယခုနှစ်ထွက်ရှိလာသည့် ရာသီပေါ်ဇီးသီးများ တရုတ်နိုင်ငံသို့ တင်ပို့နိုင်ခြင်းမရှိသော်လည်း ပြည်တွင်းဈေးကွက်တွင် ဈေးကောင်းရရှိ



https://www.thefarmermedia.com/news-category/10

ယခုနှစ်တွင် ရာသီပေါ်သီးနှံဇီးသီးများ တရုတ်နိုင်ငံသို့ တင်ပို့နိုင်ခြင်း မရှိသော်လည်း ပြည်တွင်းဈေးကွက်တွင် ယခင်နှစ်ထက် ဈေးရရှိနေကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်မှ စတင်ထွက်ရှိလာသည့် ရာသီပေါ် ဇီးသီး(ထိုင်ဝမ်သီး)များ အထွက်နှုန်း ကောင်းမွန်သည့်အပြင် အရောင်းအဝယ်များသွက်လက်၍ ဈေးကောင်းရရှိနေသည်ဟု ဇီးသီး စိုက်ပျိုးသူတောင်သူများက ပြောသည်။

လက်ရှိပြည်တွင်းဈေးကွက်၌ ရောင်းချနေရာတွင် ဇီးသီးအလုံးကြီး (ရှယ်စ) တစ်ဖာလျှင် ကျပ် ၁၂,၀၀၀ ၊ ဒုတိယတန်းစား ဇီးသီးအသေး တစ်ဖာလျှင် ကျပ် ၆,၀၀၀ မှ ၈,၀၀၀၊ အသေးဆိုပါက ဆာလာအိတ်ဖြင့် တစ်အိတ်လျှင် ကျပ် ၁၂,၀၀၀ နှင့် ဂျပ်ဖာဖြင့်ဆိုပါက တစ်ဖာလျှင် ကျပ် ၇၀၀၀ ဈေးနှုန်းအသီးသီးဖြင့် ရောင်းချရကြောင်း ပုသိမ်ကြီးမြို့နယ် ဆည်တော်လေးကျေးရွာမှ ဇီးသီး စိုက်ပျိုးရောင်းဝယ်ရေးလုပ်ငန်းပိုင်ရှင် ဦးမြင့်ဆွေကပြောသည်။ "မနှစ်ကတော့ ဒီလိုထွက်ရှိတဲ့ရာသီမှာ ကိုဗစ်-၁၉ ရောဂါဖြစ်တဲ့ အချိန်နဲ့ တိုက်ဆိုင်နေတဲ့အတွက် ရောင်းချမှုကောင်းကောင်းမလုပ်နိုင်ခဲ့ပါဘူး။ ဒီနှစ်တော့ အထွက်နှုန်းကောင်းပြီး စထွက် ထွက်ချင်းမှာ ဝယ်လိုအားကောင်းတဲ့အပြင် ဈေးနှုန်းလည်း မနှစ်ကထက်ကောင်းတယ်။ ပွဲစားတွေအပြိုင် လုဝယ်နေပါတယ်။ ဇီးသီးက တစ်နှစ်ပတ်လုံးမှ တစ်ခါပဲခူးရပါတယ်။ ဇီးပင်ကို ဇွန်လပိုင်းကစပြီး ပြုပြင်ရပါတယ်။ စက်တင်ဘာလထဲဆိုရင် အပွင့်ဝင်ပါပြီ။ နိုဝင်ဘာလနဲ့ ဒီဇင်ဘာလဆိုရင် ခူးပြီးရောင်းချနေရပါပြီ။ တရုတ်ဘက်က ပန်းသီးဝင်ရောက်မှုနည်းသွားတာ ကြောင့် ပြည်တွင်းစားသုံးသူတွေဟာ ပန်းသီးအစား ဇီးသီးကို ဝယ်ယူစားသုံးမှုများနေကြတော့ ဈေးကောင်းရရှိနေပါတယ်။ ယိုစုံလုပ်ငန်းတွေကလည်း ကျန်တဲ့အသီးတွေက မရှိတော့ ဇီးသီးကိုအသုံးပြုတာ များလာပါတယ်။" ဟု ၎င်းကပြောသည်။

ယခင်နှစ်ကတည်းက ကိုဗစ်ကူးစက်မှုများကြောင့် တရုတ်နိုင်ငံကို တင်ပို့မှုအခက်အခဲများရှိခဲ့ပြီး ယခုနှစ်တွင်လည်း သယ်ယူပို့ဆောင်စရိတ်ကြီးမြင့်နေသဖြင့် ပြည်တွင်းဈေးကွက်ကိုသာ အားထားရောင်းချနေရကြောင်း ဇီးသီး အရောင်းအဝယ် သမားများထံက သိရသည်။

ထိုင်ဝမ်ဇီးသီးများကို ပြည်တွင်းဈေးကွက်သို့ ဂျပ်ဖာ ၅၀ နှင့် ဆာလာအိတ် ၂၅ အိတ်မှ အိတ် ၃၀ တို့ကို ရန်ကုန်၊ လားရှိုးနှင့် မန္တလေးမြို့များသို့ နေ့စဉ်ခူးဆွတ်ရောင်းချနေရကြောင်း၊ လက်ရှိပေါက်ဈေးမှာ ဇီးသီးအမျိုးအစားပေါ်မူတည်၍ တစ်ဖာလျှင် ၆၀၀၀ ကျပ်မှ ၁၂,၀၀၀ ကျပ်ထိရရှိနေကြောင်း၊ ပုသိမ်ကြီးမြို့နယ်အတွင်း ဇီးသီးစိုက်ကေပေါင်း ၁၀၀ ကျော်ရှိပြီး၊ ဇီးသီးတစ်ကေလျှင် ကျပ် သိန်း ၂၀ နှင့် ၂၅ သိန်းကြား ရရှိကြကြောင်းသိရသည်။

**Source:** https://www.thefarmermedia.com/news-category/10

## မြန်မာ့ပြောင်းဆန်များ ထိုင်းနိုင်ငံဘက်သို့ အခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့မှုစတင်



https://news-eleven.com/article/224982

မြဝတီ နယ်စပ်ကုန်သွယ်ရေးစခန်းမှ တစ်ဆင့် ထိုင်းနိုင်ငံဘက်သို့ မြန်မာ့လယ်ယာထွက်ကုန် ပြောင်းဆန်များ အခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့မှု ဖေဖော်ဝါရီ ၁ ရက်က စတင်ခဲ့ကြောင်းသိရသည်။

ပြောင်းဆန်များ စတင်တင်ပို့သည့် ဖေဖေဖော်ဝါရီ ၁ ရက်တွင် ပြောင်းတန်ချိန် ၂၀၀၀ ကျော် တင်ပို့ခဲ့သော်လည်း ယခင်နှစ်ကထက် လျော့နည်းခဲ့ကြောင်း ကုန်သည်များထံမှသိရသည်။ မြန်မာ့လယ်ယာထွက်ကုန်ပြောင်းဆန်များကို ထိုင်းနိုင်ငံဘက်သို့ တင်ပို့ရာတွင် နှစ်နိုင်ငံသဘောတူညီချက်အရ ဖေဖော်ဝါရီ ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ အခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့ခွင့်ရခြင်းဖြစ်သည်။ ထိုင်းနိုင်ငံဘက်သို့ တင်ပို့မည့်ပြောင်းများကို လာရောက်သယ်ဆောင်သော ကုန်တင်ယာဉ်များ မြဝတီတွင် ညအိပ်ခွင့်မရှိသည့်အတွက် အလုပ်သမားအင်အားနှင့် မနိုင်သည့်အတွက် ယန္တရားအင်အား အသုံးပြုရကြောင်းသိရသည်။ မြဝတီနယ်စပ်မှ ကုန်သည်တစ်ဦးက "အခုမြဝတီမှာ ပြောင်းစုဆောင်းထားတဲ့ ဂိုဒေါင်အများအပြားရှိတယ်။ တစ်နေ့ တွဲကားအစီးရေ ၅၀၀ လောက်တင်နိုင်တဲ့ အနေအထားရှိတယ်။ အားလုံးက တရားဝင်လမ်းကြောင်းကနေ တင်ပို့သွားမှာဖြစ်ပါတယ်" ဟု ဆိုသည်။

မြန်မာ့ပြောင်းဖူးဆန်များကို တရုတ်နိုင်ငံသို့ တင်ပို့ခွင့်ရနေပြီဖြစ်သော်လည်း တရုတ်နိုင်ငံတောင်သူများ၏ အကျိုးစီးပွားကို ကာကွယ်သည့်အနေဖြင့် အခွန်နှုန်းမြင့်ထားခြင်းကြောင့် ထိုင်းနိုင်ငံဘက်သို့ တင်ပို့ကြခြင်းဖြစ်ကြောင်းလည်း သိရသည်။ သို့သော်လည်း ဩဂုတ်လကုန်နောက်ပိုင်းတွင် ထိုင်းနိုင်ငံ၌ ပြောင်းထွက်ချိန်နှင့် တိုက်ဆိုင်နေ၍ နိုင်ငံသားအကျိုးစီးပွားကို ကာကွယ်သည့်အနေဖြင့် အခွန်နှုန်းမြင့်တင်ထားခြင်းကြောင့် ထိုင်းနိုင်ငံဘက်သို့ ပြောင်းတင်ပို့မှု ငါးလကြာရပ်နားခဲ့ရာမှ ယခု ဖေဖော်ဝါရီ ၁ ရက်တွင် စတင်တင်ပို့ကြခြင်းဖြစ်သည်။

နှစ်နိုင်ငံကုန်သွယ်မှုတွင် ကိုဗစ်အကန့်အသတ်များရှိနေပြီး ထိုင်းကုန်တင်ယာဉ်များကို မြန်မာဘက်ရှိ ကုန်သွယ်ရေးဇုန်နှင့် ကုန်သိုလှောင်ရုံဂိုဒေါင်များအထိ ကုန်ပစ္စည်း လာရောက်သယ်ဆောင်ခွင့် ပြုထားသော်လည်း မြန်မာကုန်ကားများမှာ မဲဆောက်မြို့တွင်းသို့ ဝင်ရောက်ခွင့်မရဘဲ အမှတ် (၂) ချစ်ကြည်ရေးတံတား (BCF Zone) ထိုင်းဘက်ခြမ်း၌သာ ကုန်ပစ္စည်းအချိန်းအပြောင်း ပြုလုပ်နေရဆဲဖြစ်သည့်အတွက် ထိုင်းကုန်တင်ယာဉ်များသာ အလုပ်ဖြစ်လျက်ရှိသည်ဟုဆိုသည်။

**Source:** https://news-eleven.com/article/224982

## တရုတ်နိုင်ငံ တိဗက်ဒေသတွင် ၂၀၂၁ ခုနှစ်က ပြည်ပကုန်သွယ်မှု ၈၈.၃ ရာခိုင်နှုန်း မြင့်တက်



https://xinhuamyanmar.com/mm-en/%e1%80%90%e1%80%9b%e1%80%af%e1%80%90%e1%80%ba%e1%80%94%e1%80%ad%e1%

တရုတ်နိုင်ငံအနောက်တောင်ပိုင်း တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ပြည်ပကုန်သွယ်မှုသည် ၂၀၂၁ ခုနှစ်က ၈၈.၃ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း ဒေသခံအကောက်ခွန်ဌာနအရသိရသည်။

တိဗက်ဒေသ၏ သွင်းကုန်နှင့်ပို့ကုန်သည် ယမန်နှစ်က ယွမ်၄ဘီလီယံကျော် (အမေရိကန်ဒေါ်လာ၆၃၂သန်းခန့်) ရှိခဲ့ကြောင်း ဒေသမြို့တော် "လားဆ" ရှိ အကောက်ခွန်ဌာနကပြောကြားခဲ့သည်။ စုပေါင်းပို့ကုန်များမှာ ယမန်နှစ်ကထက် ၇၄.၁ ရာခိုင်နှုန်း၊ ယွမ်

၂.၂၅ဘီလီယံမြင့်တက်ခဲ့သလို သွင်းကုန်မှာလည်း ၁၁ဝရာခိုင်နှုန်း၊ယွမ်၁.၇၆ဘီလီယံရှိခဲ့ရာ ကုန်သွယ်မှုပိုငွေမှာ ယွမ် ၄၈၈ သန်းရှိခဲ့ကြောင်းသိရသည်။ ၂၀၂၁ခုနှစ်တွင် တိဗက်ဒေသက မှိုနှင့်လက်ဖက်ခြောက်အပါအဝင် ယွမ်သန်း ၃ဝ ကျော် တန်ဖိုးရှိသော လယ်ယာစိုက်ပျိုးရေးနှင့်တိရစ္ဆာန်မွေးမြူရေး အထူးထုတ်ကုန်များကို တင်ပို့ခဲ့ကြောင်း အကောက်ခွန်အကြီးအကဲ LiJin က ပြောခဲ့သည်။ နီပေါနိုင်ငံသည် ယင်းဒေသ၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး တိဗက်ဒေသ၏ ပို့ကုန်များမှာ ယမန်နှစ်ကထက် ၆၉.၄ရာခိုင်နှုန်း၊ ယွမ် ၁.၈ဘီလီယံအထိတိုးချဲ့လျက်ရှိကြောင်းသိရသည်။

**Source:** https://xinhuamyanmar.com/mm-en/%e1%80%90%e1%80%9b%e1%80%af%e1%80%90%e1%80% ba%e1%80%94%e1%80%ad%e1%

## ဂျာမနီနိုင်ငံ၏ အရေးကြီးဆုံး ကုန်သွယ်ရေးမိတ်ဖက်အဖြစ် တရုတ်နိုင်ငံ ၆ နှစ်ဆက်တိုက် ဆက်လက်တည်ရှိမည်ဟုမျှော်လင့်ကြောင်း ဂျာမနီအရာရှိပြောကြား

၂၀၂၁ ခုနှစ် ၁၁ လကြာကာလတွင် တရုတ်-ဂျာမနီ၏ ကုန်သွယ်ရေးပမာဏ စုစုပေါင်းသည် ၂၀၂၀ ပြည့်နှစ် တစ်နှစ်လုံး ပမာဏထက် ကျော်လွန်ခဲ့ကြောင်း ၊ တရုတ်နိုင်ငံသည် ဂျာမနီ၏အရေးကြီးဆုံး ကုန်သွယ်ရေးမိတ်ဖက်အဖြစ် ၆ နှစ်ကြာ ဆက်တိုက်တည်ရှိမည်ဟု မျှော်လင့်ရကြောင်း ဂျာမနီ ဖက်ဒရယ်စာရင်းအင်းဌာန၏ ဇန်နဝါရီ ၃၁ ရက် ထုတ်ပြန်သည့် ကိန်းဂဏန်းများ၏ ဖော်ပြချက်များအရသိရသည်။ ဂျာမနီ ဖက်ဒရယ်စာရင်းအင်းဌာနက ယင်းနေ့တွင် ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ရာ ၂၄ ကြိမ်မြောက် ဆောင်းရာသီအိုလံပစ်ပွဲ ပေကျင်းတွင်ကျင်းပတော့မည်ဖြစ်ပြီး ၎င်းမှာဂျာမနီအတွက်ဆိုရလျှင် ကုန်သွယ်ရေးမိတ်ဖက်ဖြစ်သည့် တရုတ်နိုင်ငံ၏ အရေးကြီးမှုအား ထပ်မံမြင့်တက်စေနိုင်ကြောင်း ဖော်ပြထားသည်။ ဂျာမနီ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုဌာန အရာရှိ Jurgen Friedrichက တရုတ်နိုင်ငံသည် ဂျာမနီ၏အရေးကြီးဆုံး ကုန်သွယ်ရေးမိတ်ဖက်အဖြစ် ၆ နှစ်ကြာ ဆက်တိုက်တည်ရှိမည်ဟု မျှော်လင့်ရကြောင်း၊ ၂၀၂၁ ခုနှစ် ဂျာမနီ-တရုတ် ကုန်သွယ်ရေးစုစုပေါင်း ပမာဏသည် စံချိန်သစ်တင်ခဲ့ကြောင်း ပြောကြားခဲ့သည်။ တရုတ်နိုင်ငံသည် ကမ္ဘာတွင် အရေးပါသည့်တိုးတက်မှုရှိသော စျေးကွက်များအနက် တစ်ခုဖြစ်သလို ကိုဗစ်ကပ်ရောဂါကာကွယ်ရေး၊ ဥတုရာသီပြောင်းလဲမှုစသည့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် အရေးကြီးသည့် မိတ်ဖက်ဖြစ်ကြောင်းဆိုသည်။

**Source:** https://xinhuamyanmar.com/mm-cn/%e1%80%82%e1%80%bb%e1%80%ac%e1%80% 99%e1%80%94%e1%80%ae%e1%81%8f-

## ၂၀၂၁ ခုနှစ်အတွင်း တရုတ်နိုင်ငံ၏ လက်လီရောင်းချရမှု ဆက်လက်တိုးတက်ခဲ့

တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အကြီးဆုံးမောင်းနှင်အားဖြစ်သည့် လက်လီရောင်းချရမှုသည် ၂၀၂၀ ပြည့်နှစ်အတွင်း၌ (၃.၉) ရာခိုင်နှုန်း အထိ ကျဆင်းခဲ့သော်လည်း ၂၀၂၁ ခုနှစ်အတွင်း၌မူ ပြီးခဲ့သည့်နှစ်ကထက် (၁၂.၅) ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။ ကမ္ဘာတစ်ဝှမ်းရှိနိုင်ငံများတွင် အိုမီခရွန်ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့လျက်ရှိသည့်အတွက် စီးပွားရေးပြန်လည်နလန်ထူလာနိုင်ရန် စိန်ခေါ်မှုများနှင့် ရင်ဆိုင်လျက်ရှိသည့်နည်းတူ ကမ္ဘာ့စီးပွားရေးဒုတိယအကြီးဆုံးနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသည်လည်း အန္တရာယ်များ၊ စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရလျက်ရှိပါသည်။

၂၀၂၁ ခုနှစ်အတွင်း၌ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကူးစက်ပျံ့နှံ့မှုများ ပြန်လည်ဖြစ်ပွားခြင်း၊ စွမ်းအင်ရရှိမှုကျဆင်းခြင်း၊ ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးချိတ်ဆက်ကူးပြောင်းမှုများ နှောင့်နှေးခြင်းတို့နှင့် ရင်ဆိုင်ခဲ့ရသော်လည်း တရုတ်နိုင်ငံ၏ လက်လီရောင်းချရမှုသည် အမေရိကန်ဒေါ်လာ (၆.၉၅)ထရီလီယံရရှိခဲ့ပါသည်။ လက်လီရောင်းချရမှုအနက် လူသုံးကုန်ပစ္စည်းများရောင်းချရမှုသည် ပြီးခဲ့သည့်နှစ်ကထက် (၁၁.၈) ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး အစားအသောက်လုပ်ငန်းများမှဝင်ငွေသည် ပြီးခဲ့သည့်နှစ် ကာလတူကထက် (၁၈.၆) ရာခိုင်နှုန်းတိုးတက်ခဲ့သည်ဟု တရုတ်အမျိုးသားစာရင်းအင်းဗျူရိုမှ ထုတ်ပြန်ကြေညာခဲ့ပါသည်။

တရုတ်နိုင်ငံ၏ ၂၀၂၀ ပြည့်နှစ်၊ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး၌ ပြည်တွင်းသုံးစွဲမှုသည် (၅၄.၃) ရာခိုင်နှုန်းသာ ပါဝင်ခဲ့သော်လည်း ၂၀၂၁ ခုနှစ်အတွင်း၌ လက်လီရောင်းချရမှုတိုးတက်သည့်အတွက် ၂၀၂၁ ခုနှစ် ၊ ပြည်တွင်းအသားတင် ထုတ်လုပ်မှု တန်ဖိုး၌ ပြည်တွင်းသုံးစွဲမှုသည် (၆၅.၄) ရာခိုင်နှုန်းအထိ ပါဝင်လာခဲ့ပါသည်။ ၂၀၁၃ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း တရုတ်နိုင်ငံ၏

ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး၌ ပြည်တွင်း သုံးစွဲမှုပါဝင်မှုသည် ပျမ်းမျှ (၆၀)ရာခိုင်နှုန်း ဖြစ်သော်လည်း ၂၀၂၁ ခုနှစ်အတွင်း၌ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးတွင် ပြည်တွင်းသုံးစွဲမှု ပါဝင်သည့်ရာခိုင်နှုန်း သိသာစွာမြင့်တက်လာခဲ့ပါသည်။ ထိုကဲ့သို့ မြင့်တက်လာခြင်းသည် အလုပ်အကိုင်ရရှိမှုတည်ငြိမ်ခြင်း၊ တစ်ဦးချင်းဝင်ငွေမြင့်တက်လာခြင်းတို့ကြောင့်ဖြစ်ပြီး၂၀၂၁ ခုနှစ်အတွင်း တရုတ်နိုင်ငံရှိ လူတစ်ဦးချင်းသုံးစွဲနိုင်သည့် ဝင်ငွေသည် တရုတ်ယွမ်ငွေ (၃၅၁၂၈) ယွမ်အထိတိုးတက်ခဲ့ရာ ပြီးခဲ့သည့်နှစ်ကထက် (၈.၁) ရာခိုင်နှုန်း မြင့်တက်လာပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး၌ ပြည်တွင်းသုံးစွဲမှုသည် ပျမ်းမျှ (၇၀) ရာခိုင်နှုန်းမှ (၈၀)ရာခိုင်နှုန်းအကြားရှိသည့်အတွက် တရုတ်နိုင်ငံသည် အဆိုပါနိုင်ငံများနှင့်နှိုင်းယှဉ်ပါမူ နည်းပါးလျက်ရှိနေသေး ကြောင်း တရုတ်အမျိုးသားစာရင်းအင်းဗျူရိုမှ ပြောကြားခဲ့ပါသည်။

**Source:** https://www.globaltimes.cn/page/202201/1246136.shtml

**ရွှေစင်ဦး (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ တရုတ်-ဘေကျင်း)**

## ဟောင်ကောင်ဒေသ၌ ကိုဗစ်-၁၉ ရောဂါ ပဉ္စမလှိုင်း ကူးစက်ပျံ့နှံ့မှုကြောင့် ၂၀၂၂ ခုနှစ် မတ်လတွင် စားသောက်ဆိုင်များ ပိတ်သိမ်းနိုင်ခြေရှိခြင်း

ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသ၌ ကိုဗစ်-၁၉ ရောဂါ ပဉ္စမလှိုင်းကူးစက်ပျံ့နှံ့ မှု ပြင်းထန်လျက်ရှိသောကြောင့် တရုတ်နှစ်သစ်ကူးစတုတ္ထမြောက်နေ့ဖြစ်သည့် ၄-၂-၂၀၂၂ ရက်နေ့တွင် လူအချင်းချင်းခပ်ခွာခွာနေထိုင်မှုဆိုင်ရာ ကန့်သတ်ချက်များ ဖြေလျှော့ပေးခြင်းမရှိသောကြောင့် စားသောက်ဆိုင်များအား ညပိုင်းတွင် ရောင်းချမှုများ ဆက်လက်ပိတ်ထားရနိုင်ကြောင်း၊ ၂၀၂၂ ခုနှစ်၊ဖေဖော်ဝါရီလအတွင်း ကန့်သတ်ချက်များ ဆက်လက်တင်းကြပ်ထားမည်ဆိုပါက နှစ်စဉ်စားသောက်ဆိုင်များ ရောင်းချရမှု မြင့်မားလေ့ရှိသည့် မတ်လတွင်စားသောက်ဆိုင် (၅၀၀) ခန့် ဆက်လက်ပိတ်ထားရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့ထုတ် The Standard သတင်းစာ၌ “Wave of closure for restaurant in March: industry” ခေါင်းစဉ် ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါး၌စားသောက်ဆိုင်နှင့် ဆက်စပ်ကုန်သွယ်မှုလုပ်ငန်းများ အသင်းချုပ်President ဖြစ်သူ Mr. Simon Wong Ka-wo ကပြောကြားရာတွင်တရုတ်နှစ်သစ်ကူး ကာလအတွင်း စားသောက်ဆိုင်များ၌ညစာစားရန် ကြိုတင် မှာယူမှုများပြန်လည်ပယ်ဖျက် မှုများရှိခဲ့ကြောင်း၊ ဟောင်ကောင်ဒေသရှိ စားသောက်ဆိုင်လုပ်ငန်းအတွက် တရုတ်နှစ်သစ်ကူး ကာလ၌ ရောင်းချမှု မြင့်မားသောကြောင့် ၂၀၂၂ ခုနှစ်၊ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း ဟောင်ကောင်ဒေါ်လာ(၈)ဘီလီယံခန့် ဆုံးရှုံးနိုင်ကြောင်း၊ ဖေဖော်ဝါရီလအတွင်း စားသောက်ဆိုင်များ၏ စီးပွားရေးလုပ်ငန်းများ ကောင်းမွန်ခြင်းမရှိပါက မတ်လတွင် စားသောက်ဆိုင် (၅၀၀) ကျော်ခန့် ပိတ်သိမ်းရနိုင်ကြောင်း၊သို့ဖြစ်ရာ ၄-၂-၂၀၂၂ ရက်နေ့ နောက်ပိုင်းတွင် ည (၂၀:၀၀) နာရီအထိ စားသောက်ဆိုင်များအား ရောင်းချခွင့်ပြုပေးသင့်ကြောင်း၊ အချို့သော စားသောက်ဆိုင်များမှာ နေ့အချိန်တွင် ပိုမိုရောင်းချနိုင်ရန် စားပွဲဝိုင်းများ ထပ်မံဖြည့်ဆည်း ပြီးရောင်းချရန် စီမံခန့်ခွဲလျှင်ပင် အဆိုပါ နေ့အချိန်ကာလတွင်ရောင်းချရမှုမှာ ၎င်းတို့ဝင်ငွေ၏ (၃၀) ရာခိုင်နှုန်းသာ ရရှိမည်ဖြစ်ကြောင်း၊ စားသောက်ဆိုင်ပြင်ပသို့ ယူဆောင်စားသောက်ရန် ဝယ်ယူမှုအပေါ်၌သာလျှင် အဓိကထားရောင်းချရမည်ဖြစ်ကြောင်း၊ စားသုံးသူများအနေဖြင့် ဈေးနှုန်းမြင့်မားသည့် စားသောက်ကုန်များ စားသုံးမှုလျှော့ချမည်ဖြစ်သောကြောင့် စားသောက်ဆိုင်များ၌ ပုစွန်ထုပ်များကို ဈေးလျှော့ရောင်းချကြမည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသအစိုးရမှ ပံ့ပိုးပေးသည့် ပဉ္စမအကြိမ်မြောက် ကိုဗစ်-၁၉ ကပ်ရောဂါ ရိုက်ခတ်မှုမှ သက်သာခွင့်ရန်ပုံငွေမှာ လုံလောက်မှုမရှိကြောင်း၊ သို့ဖြစ်ရာ အလုပ်ရှင်များအနေဖြင့် လုပ်ခလစာနှင့်ပတ်သက်၍ ဝန်ထုပ်ဝန်ပိုးဖြစ်နေမှုအပေါ် ပံ့ပိုးကူညီနိုင်ရန် အလုပ်အကိုင်များအတွက် ပံ့ပိုးမှုအစီအစဉ်(Employment Support Scheme) အသစ်အား ဒေသအစိုးရအနေဖြင့် စတင်ဆောင်ရွက်သင့်ကြောင်း ပြောကြားထားမှုအား ရေးသားဖော်ပြထားပါသည်။

Source: **အေးသီခိုင် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဟောင်ကောင်)**

## စင်ကာပူနိုင်ငံသည် ၂၀၂၁ ခုနှစ်တွင် နိုင်ငံခြားနှင့်ပြည်တွင်းလုပ်ငန်းများ၏ ပုံသေပိုင်ပစ္စည်းရင်းနှီးမြှုပ်နှံမှု စင်ကာပူဒေါ်လာ ၁၁.၈ ဘီလီယံအထိ ဆွဲဆောင်နိုင်ခဲ့ခြင်း

စင်ကာပူနိုင်ငံသည် ၂၀၂၁ ခုနှစ်တွင် နိုင်ငံခြားနှင့်ပြည်တွင်းလုပ်ငန်းများ၏ ပုံသေပိုင်ပစ္စည်း ရင်းနှီးမြှုပ်နှံမှု (Fixed Asset Investment) စင်ကာပူဒေါ်လာ ၁၁.၈ ဘီလီယံကို ဆွဲဆောင်နိုင်ခဲ့ပြီး၊ ယင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသည် လာမည့် ၅ နှစ်အတွင်း အလုပ်အကိုင်ပေါင်း ၁၇,၀၀၀ ကျော်ကို ဖန်တီးပေးနိုင်မည်ဟု မျှော်မှန်းထားပါကြောင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဘုတ်အဖွဲ့ (EDB) က ၂၆ - ၁ - ၂၀၂၂ ရက်နေ့တွင် ပြောကြားခဲ့ပါသည်။

ပုံသေပိုင်ပစ္စည်းရင်းနှီးမြှုပ်နှံမှုဆိုသည်မှာ ကုမ္ပဏီများမှ ၎င်းတို့၏ စက်ရုံ၊ စက်ကိရိယာနှင့်စက်ယန္တရားများတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခြင်းကိုဆိုလိုကြောင်း၊ ၂၀၂၁ ခုနှစ်တွင် ရရှိခဲ့သောရင်းနှီးမြှုပ်နှံမှုပမာဏမှာ ၂၀၂၀ ပြည့်နှစ်တွင်ရရှိခဲ့သော စင်ကာပူဒေါ်လာ ၁၇.၂ ဘီလီယံနှင့်နှိုင်းယှဉ်ပါက သိသိသာသာကျဆင်းခဲ့သောအခြေအနေဖြစ်သော်လည်း၊ EDB ၏ ရည်မှန်းပမာဏဖြစ်သည့် တစ်နှစ်လျှင် စင်ကာပူဒေါ်လာ ၈ ဘီလီယံမှ ၁၀ ဘီလီယံဘောင်အတွင်း ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ စင်ကာပူနိုင်ငံသည် ကိုဗစ် ၁၉ ကာကွယ်ဆေးထိုးနှံပေးနိုင်ခဲ့ခြင်းနှင့် ၂၀၂၁ ခုနှစ် ဒုတိယနှစ်ဝက်တွင် ခရီးသွားလာမှုများကို ပြန်လည်ခွင့်ပြုပေးနိုင်ခဲ့ခြင်းတို့ကြောင့် စီးပွားရေးလုပ်ငန်းများ၏ ယုံကြည်မှုမြင့်တက်လာကာ ရင်းနှီးမြှုပ်နှံမှုတိုးချဲ့ ဆောင်ရွက်လာခြင်းဖြစ်သည်ဟု EDB မှ ပြောကြားခဲ့ပါသည်။

အီလက်ထရွန်းနစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများတွင် စင်ကာပူဒေါ်လာ ၅ ဘီလီယံနီးပါးနှင့် ဇီဝဆေးဝါးပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများတွင် စင်ကာပူဒေါ်လာ ၁.၈ ဘီလီယံနီးပါးရင်းနှီး မြှုပ်နှံမှုပြုလုပ်ခဲ့သဖြင့် ၎င်းတို့သည် ၂၀၂၁ ခုနှစ်တွင် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်ခဲ့သော လုပ်ငန်းကဏ္ဍ ၂ ခုဖြစ်ခဲ့ပြီး၊ ၂၀၂၁ ခုနှစ်တွင် ပြုလုပ်ခဲ့သော စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ၏ ထက်ဝက်ကျော်အား ကိုယ်စားပြုပါကြောင်း၊ စိုက်ပျိုးရေးအစားအစာထုတ်လုပ်မှုနှင့်ဓာတုဗေဒပစ္စည်းများ ထုတ်လုပ်သောကဏ္ဍများတွင်လည်း ရင်းနှီးမြှုပ်နှံမှုအသစ်များပြုလုပ်ခဲ့ကြကြောင်းနှင့် ၂၀၂၁ ခုနှစ်အတွင်း စင်ကာပူနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်ခဲ့သောနိုင်ငံများမှာ အမေရိကန် (၆၇.၁ ရာခိုင်နှုန်း) နှင့် အီးယူ (၁၃.၁ ရာခိုင်နှုန်း) နိုင်ငံတို့မှဖြစ်ပါကြောင်း သိရှိရပါသည်။

Source: Channel News Asia

**မြတ်နိုး (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ စင်ကာပူ)**

## STOCK EXCHANGE (2.2.2022)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 2nd Feb. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | -100 | -1.23% | 8,000 | 8,000 | 8,000 | 166 | 1,328,000 | 33,109,694 | 264,878 |
| MTSH | 00002 | 2,950 | -50 | -1.67% | 2,950 | 2,950 | 2,950 | 2,839 | 8,375,050 | 38,929,150 | 114,841 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 0 | 0 | 10,400,986 | 81,128 |
| FPB | 00004 | 19,500 | +0 | +0.00% | 19,500 | 19,500 | 19,500 | 0 | 0 | 2,472,053 | 48,205 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 80 | 208,000 | 12,823,224 | 33,340 |
| EFR | 00006 | 2,800 | -50 | -1.75% | 2,800 | 2,800 | 2,800 | 45 | 126,000 | 19,977,223 | 55,936 |
| AMATA | 00007 | 5,400 | +0 | +0.00% | 5,400 | 5,400 | 5,400 | 0 | 0 | 10,497,598 | 56,687 |

## Market summary

As of 2nd Feb. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 376.53 | -3.59 | -0.94% | 379.01 | 379.01 | 376.53 | 3,130 | 10,037,050 | 7 | 655,015 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 2nd Feb. 2022

| MYANPIX | 376.53 ▼ 3.59 |
|---|---|
| Total Volume (shares) | 3,130 |
| Total Value (MMK) | 10 mil |
| Listed Company | 7 |
| Market Cap. (MMK) | 655,015 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▼ 100 |
| MTSH | 00002 | 2,950 | ▼ 50 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 19,500 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,800 | ▼ 50 |
| AMATA | 00007 | 5,400 | ▲ 0 |